# COVID-19 ကမ္ဘာ့ကပ်ရောဂါအတွင်း လုပ်သားအား လက်တုန့်ပြန်ခြင်းမရှိအောင် ကာကွယ်ပေးခြင်းများ

## သင့်ကို ဥပဒေဖြင့် ကာကွယ်ပေးထားသည်။ အလုပ်သမား ကော်မရှင်မင်းကြီးရုံးက ကူညီနိုင်သည်။

## လက်တုန့်ပြန်ခြင်းဆိုသည်မှာ အဘယ်နည်း။

ကယ်လီဖိုးနီးယား၏ ပြည်နယ်ဥပဒေများအရ သင့်လုပ်သားအခွင့်အရေးအား အသုံးပြုမှုကြောင့် သင်အလုပ်ဖြုတ်ခံရလျှင်ဖြစ်စေ သင့်လုပ်အားခသို့မဟုတ် အလုပ်အချိန်နာရီကို လျော့ချလျှင်ဖြစ်စေ ယင်းမှာ လက်တုန့်ပြန်ခြင်းဖြစ်ပြီး တရားဥပဒေနှင့် ဆန့်ကျင်ပါသည်။ ကယ်လီဖိုးနီးယား၏ ပြည်နယ်ဥပဒေများလိုက်နာခြင်းကြောင့် သင့်ကို လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များထံ တိုင်ကြားမည်ဟု သင့်အလုပ်ရှင်က ခြိမ်းခြောက်ခြင်းသည်လည်း တရားမဝင်ပါ။ လူဝင်မှုကြီးကြပ်ရေး အခြေအနေမည်သို့ပင်ရှိစေကာမူ လက်တုန့်ပြန်ခြင်းမဖြစ်ရေး ကာကွယ်ပေးခြင်း အပါအဝင် ကယ်လီဖိုးနီးယား ပြည်နယ်ရှိ လုပ်သားအားလုံးကို အလုပ်သမား ဥပဒေများမှ ကာကွယ်ပေးထားသည်။ COVID-19 ကပ်ရောဂါအတွင်း ဤမှာ သင်၏ဆက်ရှိနေသော အခွင့်အရေးများနှင့် အကာအကွယ်ပေးခြင်းများ ဖြစ်သည်။

ကယ်လီဖိုးနီးယား၏ ပြည်နယ်ဥပဒေအောက်တွင် လက်တုန့်ပြန်ခြင်းမဖြစ်အောင် ကာကွယ်ပေးထားသော ဆောင်ရွက်ချက်များတွင်-

- ဘေးကင်းမှုမရှိသော အခြေအနေများ သို့မဟုတ် လခမပေးသော လုပ်ခအား များအကြောင်း ထုတ်ဖော်ပြောဆိုခြင်း
- ဘေးကင်းမှုမရှိသော အခြေအနေများတွင် အလုပ်လုပ်ရန် ငြင်းဆိုခြင်း
- ဘေးကင်းမှုမရှိသော အလုပ်ခွင် သို့မဟုတ် လုပ်သားဥပဒေ ချိုးဖောက်မှုအကြောင်း တိုင်ကြားခြင်း
- လစာမပေးသေးသည့် လုပ်အားခများအတွက် လုပ်အားခတောင်းခံခြင်း
- သင့်အလုပ်ရှင်အားစုံစမ်းစစ်ဆေးမှုတစ်ခုပြုလုပ်ရာတွင် ကူညီခြင်း

## မိမိ၏ အလုပ်ချိန်နာရီကို မိမိအလုပ်ရှင်က လျော့ချပြီး မိမိအား အလုပ်ဖြုတ်မည် သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးထံ တိုင်ကြားမည်ဟု ခြိမ်းခြောက်ပါက ဘာဖြစ်မည်နည်း။

အလုပ်ရှင်က သင့်အား အပြစ်ပေးလျှင် သင့်ကို မူလရာထူးအလုပ်အတိုင်း ပြန်ခန့်အပ်ရမည်၊ သင်၏ဆုံးရှုံးသွားသော လုပ်အားခကို ပြန်ပေးရမည် နှင့်/သို့မဟုတ် ဒဏ်ကြေးပေးဆောင်ဖို့ လိုအပ်သည်။

## လက်တုန့်ပြန်ခြင်းအား မည်သို့ တိုင်ကြားမည်နည်း။

အလုပ်သမား ကော်မရှင်မင်းကြီးရုံးသည် သင်၏ လူဝင်မှုကြီးကြပ်ရေးအခြေအနေကို မေးမြန်းမည်မဟုတ်သလို သင်၏ လူဝင်မှုကြီးကြပ်ရေးအခြေအနေကို အခြားအစိုးရ အေဂျင်စီများထံသို့ အသိပေးမည် မဟုတ်ပါ။

အွန်လိုင်းတွင်တိုင်ရန် dir.ca.gov/dlse/dlseRetaliation

လူကိုယ်တိုင်ဆိုလျှင် အလုပ်သမား ကော်မရှင်မင်းကြီးရုံးရှိသည့်နေရာတိုင်းမှာ တိုင်ကြားနိုင်သည်။ ရုံးတစ်ခုကိုရှာဖွေရန် dir.ca.gov/dlse/districtoffices

ဖုန်းဖြင့်တိုင်ရန် 833-526-4636

အီးမေးလ်ဖြင့်တိုင်ရန် retaliation@dir.ca.gov

### လက်တုန့်ပြန်ခြင်းမဖြစ်အောင် သင့်ကိုယ့်သင် ကာကွယ်ရန် အကောင်းဆုံး နည်းလမ်းများ

**စာရွက်စာတမ်း**

- အလုပ်အကိုင်ခန့်အပ်ခြင်း အခြေအနေများ ပြောင်းလဲမှုများ
- ခြိမ်းခြောက်မှုအကြောင်း အသေးစိတ်အကြောင်း
- သင်နှင့် သင့်အလုပ်ရှင်ကြား ဆက်သွယ်ပြောဆိုမှု

**ဖော်ထုတ်ရန်**

- ကြားသူ သို့မဟုတ် မြင်သူ သက်သေများ

**တိုင်ကြားရန်**

- လက်တုန့်ပြန်မှုလုပ်ခံရခြင်း တစ်နှစ်အတွင်း
- စာရွက်စာတမ်း သို့မဟုတ် အချက်အလက်ကို အလုပ်သမား ကော်မရှင်မင်းကြီးရုံးထံသို့ တင်သွင်းပါ
- သင်အကူအညီတစ်ခုခုလိုအပ်လျှင် အီးမေးလ်ပို့ပါ သို့မဟုတ် ခေါ်ဆိုပါ။

SAFER AT WORK CALIFORNIA ALL saferatwork.ca.gov